
ဝန်ဇင်း
Read on the move
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
နတ်ရှင်စော

ခွပ် ... ခွပ်... ခွပ်... ဒုန်းစိုင်း ပြေးလာနေတဲ့ မြင်းခွာသံတွေက သမ ထီး အရပ်တစ်ခွင် ပဲ့ထင်သွားခဲ့တယ်။

"ဖမ်းဟ လိုက်ဟ အရည်းကြီးတွေကို အားလုံး မိအောင်ဖမ်းကြ သာ သနာတော် သန့်ရှင်းအောင် ဖမ်းဆီးကြလော့" ဆိုတဲ့ အသံက ရဲမက်စစ် သည် တွေ ကြားထဲကနေ ဟိန်းထွက် လာခဲ့တယ်။

ထိုးခုတ်သံ ညဉ်းညူသံ နာကျင်စွာ အော်ဟစ်သံတွေက အတိုင်းအ ဆမရှိ ပျံ့လွင့် လာခဲ့တော့တယ်။

"တပ်မှူးရှင်စော အရည်းကြီးတွေ အားလုံးနီးပါး ကျွန်တော်မျိုးတို့ လက်ထဲ ရောက်ရှိခဲ့လေပြီ ဒဏ်ရာရတဲ့ အရည်းကြီးတွေကို ဘယ်လို စီ ရင်ရမလဲ တပ်မှူး"

အကြပ်ကြီး တစ်ယောက်ရဲ့ သတင်းပို့မှုကြောင့် တပ်မှူးရှင်စော ခဏ တ္တ စဉ်းစားလိုက်တယ်။

"သွေးသောက်ကြီး အရည်းကြီးတွေထဲမှာ ကုမရတဲ့ ဒဏ်ရာ ရသူ တွေကို အကုန် သတ်ပစ်လိုက် နန်းမြို့တော်ကို သယ်သွားဖို့ အခက်အခဲ ရှိနိုင်တယ် သန်မာတဲ့ အရည်းကြီးတွေကို သေချာ တုပ်နှောင်ပြီး နန်း တော်ကို ခေါ်သွားရမယ် ဒါဟာ အနော်ရထာမင်းစောရဲ့ အမိန့်ပဲ"

တပ်မှူးရှင်စောရဲ့ စကားအဆုံးမှာ သွေးသောက် အကြပ်ကြီးက လ က်သီးဆုပ်ပြီး ရင်ဘတ်ပေါ်တင်ကာ အရိုအသေပေးပြီး ထွက်သွားလိုက် တယ်။

***

အချိန်ကာလကား အနော်ရထာမင်း စောထီး နန်းစိုးစံနေချိန်ကာလ အရှင်အရဟံ၏ ဆိုဆုံးမမှုကြောင့် ပုဂံနေပြည်တော်ကြီး တစ်ခွင် ဗုဒ္ဓဘာသာ နေရောင် လရောင် ထွန်းလင်း တောက်ပဖို့ ကြိုးစားပမ်းစား တည်ထောင်နေချိန် မင်းဆက် ၃ဆက်တိုင်တိုင် ကြီးစိုးလာခဲ့တဲ့ အရည်းကြီးတွေရဲ့ အင်အားကလည်း မနည်းတဲ့ အချိန် မြင်းစီး၊ ဆင်စီး၊ ဓားခုတ်၊ လှံထိုး အတတ်ပညာတွေ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တဲ့ အရည်းကြီးတွေကို ကျူပင်ခုတ် ကျူငုတ် မကျန်ရအောင် ပုဂံခေတ် စစ်သူကြီး လေးဦးဖြစ်တဲ့ ကျန်စစ်သား၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး၊ ငထွေရူး တို့ က ဦးဆောင် ရှင်းလင်းနေချိန်။

အရည်းကြီးတွေ အထိနာအောင် စစ်သူကြီးတွေ၊ တပ်မှူးတွေက ကြိုးစားပမ်းစား တိုက်ပွဲဝင်ခဲ့ကြတယ်။

အဲဒီထဲမှာ ရှင်စောဆိုတဲ့ တပ်မှူး တစ်ယောက်လည်း အပါအဝင် ဖြစ်ခဲ့တယ်။

သေရည် အသောက်ကြူးတဲ့ ကိစ္စကလွဲရင် ရှင်စောက စစ်သူကြီး ငထွေရူးရဲ့ လက်ရုံးတစ်ဆူ ဖြစ်ခဲ့တယ်။

ရှင်စော မူးနေပြီဆိုရင် ဘယ်ငယ်သားမှ အနား မကပ်ရဲတော့ဘူး။

ရှင်စောကို ထိန်းနိုင်တာဆိုလို့ စစ်သူကြီး ငထွေရူးပဲ ရှိတယ် မြင်းမူ အရပ်သား ထန်းတက်သမား စစ်သူကြီး ငထွေရူးရဲ့ ကြီးမား ကြမ်းတမ်းတဲ့ လက်ဝါး ရိုက်ချက်ကိုတော့ ရှင်စော ကြောက်ခဲ့ရတယ်။

သက္ကရာဇ် ၄၂၁ခုနှစ် အနော်ရထာမင်းစော ကိုယ်တိုင် စေတီတည်ရန် ဆင်ဖြူတော်ကို အဓိဋ္ဌာန်ပြီး လွှတ်ခဲ့တယ်။

ဆင်ဖြူတော်က တူရွင်းတောင်ပေါ်ရောက်တော့ တုံ့ခနဲ ဝပ်စင်းသွားတာ မြင်လိုက်ရတယ်။

ဆင်ဖြူတော် ဝပ်တဲ့ နေရာမှာ ပဲ စေတီတည်ဖို့ ရှင်စောကို တာဝန်ပေးခဲ့တယ်။

ဒီနေရာမှာ တူရွင်းတောင် အကြောင်းကို အနည်းငယ် ပြောလိုပါတယ်။

တူရွင်းတောင်က မြန်မာနိုင်ငံ၊ မန္တလေးတိုင်း ဒေသကြီး၊ ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်း အနောက်ဘက်၊ ပုဂံမြို့၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့် အကွာမှာ တည်ရှိတယ်။ တူရွင်းတောင်က ပုဂံနယ်နိမိတ်ကို သတ်မှတ် ထားသကဲ့သို့ ရှိနေတယ်။ အထူးသဖြင့် မြို့ပြနေပြည်တော်ကို ဝန်းရံ ကာဆီးထားသော သဘာဝမြို့ရိုးလည်း ဖြစ်တယ်။ တူရွင်းတောင်ဟာ ဆိုရင် ပုဂံမြို့ပြ နယ်နိမိတ် အစလည်း ဖြစ်သည်။ တူရွင်းတောင်ပေါ်မှ ညောင်ဦးတစ်ဖက် (ဧရာဝတီမြစ်ကမ်း)၌ တည်ရှိသော တန့်ကြည့်တောင်စေတီ စွယ်တော်မြတ်စေတီကို လှမ်း၍ ဖူးမြော်နိုင်သည် ။ တူရွင်းတောင်သည် ပုဂံ၏ သာသနာ ပုဂံ၏ အနုပညာနှင့် ပုဂံသားတို့ ၏ အားမာန်ကို ဖော်ကျူးသော တောင်လည်း ဖြစ်တယ်။

တူရွင်းတောင်ရဲ့ နာမည်တွေကလည်း အမျိုးမျိုး သတ်မှတ် ထားပြန်ရော။

တုရင်တောင် မြင်းကဲ့သို့ လျင်မြန်စွာ သွားတတ်ခြင်း၊ မြင်းနှင့် တူသောတောင် ဟူ၏။ တုရင်တောင်ကို တုံ့ဝပ်တောင်(ဆင်ဖြူတော် တုံ့ခနဲဝပ်ခြင်း)၊ တုပ်ဝပ်တောင်(ပဆစ်တုပ်ဝပ်တွားခြင်း)၊ တူရွင်းတောင်၊ တုရ

င်းတောင်၊ သက်စိုးတောင် (သက်လူမျိုးများ စိုးမိုး နေထိုင်ဖူးခြင်း) (သက်မင်းကတုံ၏ ဦးခေါင်းအား ရတနာ ပန်းတောင်းတွင် တင်၍ နှစ်စဉ်ကန်တော့ကြခြင်း) စသည် ဖြင့် အမည်နာမ အမျိုးမျိုး ခေါ်ကြသည် ။

အနော်ရထာ မင်းကြီး၏ ရတနာ ဆင်ဖြူတော်သည် စွယ်တော်ပွားကို ပင့်ဆောင်လာကာ ဤတောင်ပေါ် ရောက်သည့် အခါ တုံ့ခနဲဝပ်သွား၍ တုံ့ဝပ်တောင်၊ ပုဆစ်တုပ် ဝပ်သွားသဖြင့် တုပ်ဝပ်တောင်ဟု ခေါ်တွင်ကြောင်း ဆိုကြသည် ။ တစ်ချိန် တစ်ခါက သက်လူမျိုးများ စိုးမိုး နေထိုင်ခဲ့ဖူးသောကြောင့် သက်စိုးတောင် ဟူ၍ လည်း ခေါ်ဆိုကြသည် ။

တုရိုင်တိုင် ထိုသို့ အမျိုးမျိုး ခေါ်ဆိုကြသည့် အနက် တုရိုင်တိုင် ဟူသော အခေါ်အဝေါ်နှင့် ပတ်သက်၍ ပုဂံရှေးဟောင်း သုတေသန အရာရှိ ဆရာဦးဗိုကေမှ တုရင်တောင်သည် ပုဂံနယ်နိမိတ် သတ်မှတ် ထားသလိုဖြစ်ခြင်း၊ ပုဂံနေပြည်တော်အား ဝိုင်းရံ တားဆီးသည့် သဘာဝမြို့ရိုးဖြစ်ခြင်း၊ မြို့ပြနယ်အစပ်၊ မြို့အဝင် မုခ်ဦး အထိမ်းအမှတ် တုရိုင်တိုင်ကို စိုက်ထူ သတ်မှတ်ထားလျှင် မင်းမှုထမ်းတို့ သည် လည်း ပြည့်စုံစွာ ရှိရမည်။ ထို့ကြောင့် ထိုတောင်တန်းအား တုရိုင်တိုင် ရှိသော တောင်တန်း၊ မင်းမှုထမ်းတို့ နေသော ရွာကို တုရိုင်းတိုင်ရွာဟု ခေါ်ခဲ့ကြောင်း မှတ်ချက်ပြုခဲ့သည် ။ (ယခုတိုင် တူရွင်းတိုင်ရွာ ရှိနေဆဲ ဖြစ်သည် ။)

တရုတ်ပြေး ကျောက်စာတွင် တုရင်ဂိရိဟု တွေ့ရှိရပြီး စူဠာမဏိကျောက်စာတွင် တုရင်တောင်ဟူ၍ လည်းကောင်း၊ စောရဟန်းသိမ်ကျောက်စာတွင် တုရင်းတိုင်ဟူ၍ လည်းကောင်း၊ ပျူစောထီး၏ ဆရာရသေ့သည် တုရင်တောင်တွင် သီတင်းသုံးသည် ဟု ရွှေစည်းခုံ သမိုင်းသစ်ကျမ်းတွင် ဖော်ပြ ပါရှိလေသည် ။

တုရင်တောင်ကား ဘုရားအလောင်းနုစဉ်က ဆဒ္ဒန်ဆင်မင်းဘဝ တ

စ်ကြိမ်၊ ခြသေ့်မင်းဘဝ တစ်ကြိမ်၊ သိမ်းငှက်မင်းဘဝ တစ်ကြိမ်၊ သုံးကြိမ်တိုင်တိုင် ကျင်လည် ကျက်စားခဲ့ဖူးသည် ဖြစ်ပြီး ယခု စွယ်တော်မြတ်တင်၍ အဓိဋ္ဌာန်ဖြင့် လွှတ်သော ဆင်ဖြူတော်သည် ဤတောင်ထိပ်၌ စတုတ္ထ အကြိမ်မြောက် ဝပ်တော်မူသည် ။

တောင်တစ်ခွင် ပတ်ဝန်းကျင် တုရင်တောင်တန်း၏ တောင်ဘက် အဆုံးသည် ကျောက်ပန်းတောင်းနယ်၊ ငွေးချိုရွာတွင် အဆုံးသတ်သည် ။ ငွေးချိုတောင်၊ မိုလာတောင်ဟု ခေါ်ကြသည် ။ တက်မရွာအနီးမှ တောင်ကို တက်မတောင်၊ ပန်းကုံးစပင်ရွာမှ တောင်ကို ပန်းကုံးပင်တောင်၊ ဒါန်းရွာအနီးမှ တောင်ကို ဒါန်းတောင်ဟု ခေါ်ကြသည် ။ တုရင်တောင်၏ အနောက်ဘက်တွင် ပုဂံခေတ်၊ ထီးလှိုင်ရှင် ကျန်စစ်သား မင်းကြီးတူးဖော်ခဲ့သော မြကန်ရှိသည် ။

ရွာများ တောင်၏ အရှေ့ဘက်တွင် တောင်ပရွာ၊ တောင်ရှေ့ရွာ၊ ကုန်းရွာ၊ မန်ကျည်းစောက်ရွာ၊ ဝါခင်းကြီး၊ စုတည်ရွာ၊ ထန်းနောင်းဝန်းရွာတို့ ရှိသည် ။ အနောက်ဘက်တွင် တုရွင်းတောင်ရွာ၊ ညောင်တိုရွာ၊ လက်ဝဲရွာ၊ သဲပြင်တောရွာ၊ အနောက်အုံ၊ ချောင်းရှည်၊ ချောင်းဝ၊ ငလင်းတုတ်၊ ပန်းကုန်းပင်၊ အုတ်လှေကား၊ ညောင်ပ၊ ပဒိုင်းရွာတို့ တည်ရှိသည် ။ တုရင်တောင်ကြောတွင် အလောင်းစည်သူမင်းကြီးက မိမိမအိုသေးကြောင်း သူခိုး ယောင်ဆောင်၍ မြင်းစီးပြီး အစွမ်းပြသော နေရာ ဖြစ်သည် ဟု ရေးဟောင်းမြန်မာ ရာဇဝင်များ ၌ ဆိုထားသည် ။ ထို့ကြောင့် ပုဂံအလုနှင့် ပုဂံသားတို့ စွမ်းအားကို ဖော်ကျူးသော နေရာဟု ဆိုကြခြင်း ဖြစ်သည် ။ ရှင်အရဟံ ပရိနိဗ္ဗာန်စံသောအခါ တုရင်တောင်ခြေ၌ အန္တိမစျာပန ကျင်းပ ပြုလုပ်ခဲ့သည် ဟု လည်း ဆိုကြသည် ။ အဆောက်အဦ မှန်သမျှ ကျောက်ဆစ် အနုပညာ မှန်သမျှ တုရင်တောင်မှ ကျောက်တုံး ကျောက်သားများ ဖြစ်သည့် အလျောက် ပုဂံဂုဏ်ဆောင်

တုရင်းတောင် ဟူ၍ လည်း ဆိုကြသည် ။

***